# ယုံကြည်သူသင့်အားဘုရားသခင်စေလွှတ်သည်

သံလွင်(ပိတောက်မြိုင်)
Tokyo Christian Fellowship

အောက်ပါကျမ်းချက်ရှိကျမ်းပုဒ်များကို ဖတ်ရှုနှုလုံး သွင်းကြည့်ပါ။ ခရစ်တော်ရရှိပြီးသောသူတိုင်း နာခံလိုက်လျှောက်ရန်ဖြစ်သည်။ (ရှင်လုကာ ၁၉း၁၁-၂၇) ရှိ ဆိုးညစ်သောငယ်သား ဟုအခေါ်ခံသူထဲတွင်မပါဘဲ သာဓုဟုအခေါ်ခံသောငယ်သားကောင်းများဖြစ်ရန် ဘုရားရှင်ပေးထားသောငွေတစ်ပိသာအားဖြင့် ကုန်သွယ်ခြင်းကိုပြု၍သော်၎င်း၊ ကိုယ်တိုင်ကုန်သွယ်ခြင်းမပြုနိုင်သူများအနေဖြင့် လုပ်ဆောင်သောပွဲစားလက်သို့အပ်နှံခြင်းအားဖြင့်သော်၎င်း၊ အမှုတော်မြတ်၌ ပါဝင်ကြရန်ဖြစ်သည်။

ဥပမာ- ကမ္ဘာ့လက်ရွေးစင်ဘော်လုံးသမားဖြစ်လိုသူ တစ်ဦးသည်ရှောက်သီးလုံးကိုပင် ကန်ချင်စိတ်မရှိဘဲ၊ ရက်ပေါင်း(၁၀၀)ငိုယိုဆုတောင်းရုံဖြင့် ကမ္ဘာ့လက်ရွေးစင်ဘော်လုံးသမားမဖြစ်နိုင်ပါ။ ထိုနည်းတူ ဘုရားသခင်သည် ဆုကျေးဇူးအများပေးထားသော်လည်း လက်တွေ့ကိုယ်တွေ့အသုံးမခံပါ။ ဘုရားသခင်၏နိုင်ငံတော်အတွက် အောင်မြင်၍ သာဓုအခေါ်ခံရသော လက်ရွေးစင်ငယ်သားကောင်းမဖြစ်နိုင်ပါ။

ထို့ကြောင့်မိတ်ဆွေရရှိထားသော ဆုကျေးဇူးများနှင့်ဝိညာဉ်ဆုကျေးဇူးများအားဖြင့် ဘုရားသခင်၏နိုင်ငံတော်အတွက်အသုံးခံပါ။

ခရစ်တော်နှင့်တမန်တော်များသည် တန်ခိုးနိမိတ်လက္ခဏာမပါဘဲအမှုတော်ကိုမဆောင်ခဲ့ကြပါ။ သမ္မာတရားများကိုဖြော်ဖြေရေးဟာသ ပျက်လုံးများသဖွယ် လူ့စိတ်နှလုံးလုံးများကို နူးညွတ်အောင်သွန်သင်ဟောပြောသည့်ကျမ်းပုဒ်တစ်ချက်ပင်သမ္မာကျမ်းစာထဲ၌ မတွေ့ရပါ။ (၁ သက် ၁း၄) (ဂလာ၁း၁၀) (တမန် ၂၀း ၃၁)

ယနေ့ခရစ်တော်ရရှိထားသော ယုံကြည်သူများသည်သမ္မာတရား၊ တန်ခိုးလက္ခဏာများဖြင့်ကျွန်ုပ်တို့ ကိုးကွယ်သောဘုရားသခင်သည် အသက်ရှင်၍ အံ့ဘွယ်တန်ခိုးနှင့်ပြည့်စုံကြောင်း သက်သေထူရပေမည်။ ကျမ်းစာကိုကြက်တူရွေးစာရွတ်သလို နှုတ်ငုံ့ရွတ်တတ်ပြီး၊ ကယ်တင်ခြင်းအကြောင်းကို အလွတ်ရထားသော်လည်း ဘုရားရှင်၏တန်ခိုးတော်နှင့်ပြုပြင်ပြောင်းလဲမှုကို ခံယူခြင်းမရှိပါက ဦးဏှောက်အားဆေး မှီဝဲသလိုသာဖြစ်ပေမည်။

သမ္မာကျမ်းစာက "ဘုရားသခင်၏နိုင်ငံတော်သည် စကား၌မတည်တန်ခိုး၌တည်၏"(၁ကော ၄း၂၀)ဟု ဆိုထားသည်။ ထို့ပြင်"သင်တို့၏ယုံကြည်ခြင်းသည် လူပညာအားဖြင့်မတည်ဘုရားသခင်၏ တန်ခိုးတော်အားဖြင့်တည်စေခြင်းငှါ၊ ငါ့စကားငါ့ဒေသနာသည် လူပညာနှင့်ယှဉ်သော ဖြားယောင်းသောစကားနှင့်တကွရှိသည်မဟုတ်၊ ဝိညာဉ်တော်၏ နမိတ်လက္ခဏာ တန်ခိုးတော်နှင့်ရှိ၏"(၁ကော ၂း၅) ဟုဆိုထားသည်။

လူတချို့က ဘုရားရှင်၏တန်ခိုးတော်သည် လွန်ခဲ့သောအ နှစ်၂၀၀၀ ဝန်းကျင်အထိသာရှိပြီး၊ ယခုမရှိတော့ဟုခံယူကြသည်။ ထို့ကြောင့်တန်ခိုးနိမိတ်လက္ခဏာအကြောင်းပြောလျှင်လက်မခံလိုကြချေ။ "ယေရှုခရစ်တော်သည် မနေ့၊ ယနေ့၊ နောင်ကာလမပြောင်းလဲပေ" (ဟေဗြဲ ၁၃း၈) လူတွေအထင်ကြီးပြီး နာမည် ကျော်ကြားရန်ရှိုးလုပ်၍ တန်ခိုးပြစားရမည် တန်ခိုး နောက်လိုက်ရမည် ဟုမဆိုလိုပါ၊ "သမ္မာတရားအတိုင်း အသုံးတော်ခံဖို့ကိုသာဆိုလိုပါသည်။ ဘုရားရှင်တန်ခိုးပြသော်လည်းမယုံကြည်သူများရှိနိုင်သလို ယုံကြည် သူအမြောက်အများလည်း ရှိကြောင်း သမ္မာကျမ်းစာထဲတွင်တွေ့ရသည်။

ဆရာကြီး T.L. Osborn နှင့် ဇနီး Daisy တို့ ဇနီးမောင်နှံသည် သူတို့၏အသက် ၂၀ - ၂၁ နှစ်တွင် အိန္ဒိယသို့ သာသနာပြုရန်စထွက်ခဲ့ကြသည်။ သူတို့ သည်သမ္မာကျမ်းစာကို တော်တော်များများနှုတ်ငုံ့ ရထားကြသည်။ မာကု ၁၆း၁၅ အရ နာခံခြင်းဖြင့် ထွက်ခဲ့ကြခြင်းဖြစ်သည်။ ဟိန္ဒူဘာသာဝင်များကို ခရစ်တော်အကြောင်းဝေငှရာ "ကောင်းသောဘုရားတပါးဘဲ" ဟုထောက်ခံကြသော်လည်း မပြောင်းလဲခဲ့ကြပေ။ မူဆလင်များက ခရစ်တော်ဟာရှင်ပြန်ထမြောက်တဲ့ ဘုရားရှင်သားတော်ဆိုတာ ခင်ဗျားဘယ်လိုသိသလည်း? သူဟာသူတော်ကောင်းတပါးဖြစ်တယ်ဒါပေမဲ့ သေခြင်းကနေရှင်ပြန်ထမြောက်တဲ့ လောကရဲ့ကယ်တင်ရှင်တော့မဟုတ်ဘူး" လို့ပြောကြတယ်။ သမ္မာကျမ်းစာအုပ်ဟာ ဘုရားသခင်ရဲ့နှုတ်ထွက်ဖြစ်တယ်လို့ ပြောပြန်ရင်လည်း သူတို့က 'ကိုရန်' ကျမ်းစာဟာဘုရားသခင်ရဲ့စစ်မှန်တဲ့နှုတ်ထွက်တော်ဖြစ်တယ်လို့ ငြင်းပြန်တယ်။ သေသပ်လှပတဲ့ရွှေရောင်အဖုံးနဲ့တစ်အုပ် နှစ်အုပ်ထဲကဘယ်စာအုပ်ဟာ ဘုရားသခင်ရဲ့ စစ်မှန်တဲ့ နှုတ်ထွက်တော်ဖြစ်တယ်ဆိုတာ သက်သေထူဖို့ အခက်တွေ့နေကြသည်။

ဝမ်းနည်းကြေကွဲစွာ အမေရိကားကိုပြန်ခေါက်ခဲ့ကြပြီး၊ မျက်ရည်မျက်ခွက်နဲ့ အစာရှောင်ဆုတောင်း ကြတဲ့နောက်ပိုင်း၊ တနေ့သောမနက် (၆)နာရီခန့်မှာ ခရစ်တော်ကိုယ်တိုင် ရူပါရုံမှာထင်ရှားလာသည်။ ဝိညာဉ်တော်အားဖြင့်သူဟာသေခြင်းကိုအောင်မြင်ပြီး လက်ရှိအသက်ရှင်နေကြောင်းကို သက်သေထူဖို့ဖော်ပြခဲ့သည်။ ထို့နောက်ဂျမေကာ ကိုသွားပြီး(၁၃)ပတ်တိတိလူထုတရားဟောပွဲ ပြုလုပ်တဲ့အခါ လူပေါင်း (၉၀၀၀) ကခရစ်တော်ကိုရရှိကြသည့်အပြင် လုံးဝမျက်စိမမြင်သူအယောက်(၉၀)က မျက်စိပြန်မြင်လာကြသည်။ နောက်ပိုင်းတွင်ဆက်လက်သောင်းနှင့် သန်းနှင့်ချီပြီး လူထုတရားဟောပွဲတိုင်း၌ ခရစ်တော်ကိုလက်ခံရရှိကြသလို ထောင်နှင့်သောင်းနှင့်ချီပြီး

မျက်မမြင်၊ နားမကြား၊ စကားအ၊ နတ်ပူး၊ ခြေမစွမ်းများမှအစ ရောဂါမျိုးစုံသည်လည်း ခရစ်တော်၌ပျောက်ကင်းခဲ့ကြရသည်။

-မိတ်ဆွေနှင့်ကျွန်တော့်ကိုလည်း ခရစ်တော်ကစေ လွှတ်နေသည်။ နှုတ်ကပတ်တော်က-

* သခင်ယေရှုပြုတော်မူသောနမိတ်လက္ခဏာကိုမြင်၍ ယုံကြည်ခြင်းသို့ရောက်ကြသည်။ (ယော ၂း၁၁၊ ၁၃)(ယော ၆း၂)
* ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကိုပြုလိမ့်မည်။ သင်တို့သည်ငါ၏နာမကိုအမည်ပြုလျက်ဆုတောင်းသမျှအတိုင်းငါပြုမည်။(ယော၁၄း၁၂-၁၃)
* ခရစ်တော်သည်တမန်တော်များကိုနိမိတ်လက္ခဏာ အံ့ဘွယ်သောအမှုတို့ကိုပြုနိုင်မည့်အကြောင်း အခွင့်ပေးသည်။ (တမန် ၄း၃)
* သခင်ဘုရား၏လက်တော်သည် သူတို့နှင့်အတူရှိသဖြင့်လူအပေါင်းတို့သည်ယုံကြည်၍သခင်ဘုရားထံသို့ပြောင်းလဲကြသည်။ (တမန် ၁၁း၂၁)
* ဖိလိပ္ပုပြုသောနိမိတ်လက္ခဏာကိုမြင်သောအခါ သူတို့စကားကိုနားထောင်ကြသည်။(တမန် ၈း၆)
* ခမည်းတော်သည်ငါ့ကိုစေလွှတ်တော်မူသည်နည်းတူ သင်တို့ကိုငါစေလွှတ်သည်။(ယော ၂၀း၂၁)
* လူ(အတွင်းလူ+အပြင်လူ) ကိုမျှားသောတံငါဖြစ်စေခြင်းငှါ- (မ ၄း၁၉)
* ကိုယ်တော်သည်ကျွန်ုပ်ကို၍လောကသို့စေလွှတ်တော်မူသည်နည်းတူ၊ အကျွန်ုပ်သည်၎င်းသူတို့ကိုစေလွှတ်ပါ၏။ (ယော ၁၇း၁၈-၂၀)
* အကယ်စင်စစ်ငါတို့သည် ဘုရားသခင်၏အသားတော်အရိုးတော်တို့ အဝင်ဖြစ်၍ကိုယ်တော်မြတ်၏အင်္ဂါဖြစ်ကြ၏။ (ဧ ၅း၃၀)
* သခင်ယေရှုထမြောက်ကြောင်းတမန်တော်များသည် ကြီးသောတန်ခိုးနှင့်သက်သေခံ၍ ကြီးသောကျေးဇူးတော်နှင့်ပြည့်စုံကြသည်။ (တမန် ၄း၃၃)
* ထိုယေရှုကိုဘုရားသခင်ထမြောက်စေတော်မူသည်ကိုငါတို့ရှိသမျှသည်သက်သေခံဖြစ်ကြ၏။ (တမန်  ၂း၃၂)
* သခင်ယေရှုသည် ပျောက်သောသူတို့ကိုကယ်တင်ခြင်းငှါ လာသည်။ (လု ၁၉း၁၀)
* ယခုပင်ကယ်တင်ရာနေ့ရက်ကာလရှိ၏။(၂ကော  ၆း၂)


သံလွင်(ပိတောက်မြိုင်)

Tokyo Christian Fellowship

http://www.geocities.com/skzpau



***မှတ်ချက်။ သက္ကရာဇ် ၂၀၀၀ ဧပြီလတွင်ဂျပန်နိုင်ငံတွင်ထုတ်ဝေသော ဖတ်သူမြတ်စာစောင်မှပြန်လည်ကိုးကားတင်ပြထားပါသည်။***